# မန္တလေးတိုင်းဒေသကြီး လမ်းများ၊ တံတားများ
# ဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | နိဒါန်း | | ၁ | - |
| ၂ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) | ရည်ရွယ်ချက်များ | ၃ | - |
| ၄ | အခန်း(၃) | ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၃ | ၅ |
| ၅ | အခန်း(၄) | တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ | ၅ | ၆ |
| | | တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၈ | ၉ |
| ၆ | အခန်း(၅) | ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သောစီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်၏လုပ်ငန်းတာဝန်များ | ၆ | ၇ |
| ၇ | အခန်း(၆) | တားမြစ်ချက်များ | ၇ | ၉ |
| ၈ | အခန်း(၇) | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၉ | ၁၀ |
| ၉ | အခန်း(၈) | အထွေထွေ | ၁၀ | ၁၁ |

# **မန္တလေးတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ**

(၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၂။ )

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

## **နိဒါန်း**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## **အခန်း(၁)**

## **အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **တိုင်းဒေသကြီး** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကိုဆိုသည်။

(စ) **လမ်း** ဆိုသည်မှာ တိုင်းဒေသကြီးက စီမံခန့်ခွဲခွင့်ရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် လမ်းတစ်ဖက်တစ်ချက်စီရှိ လမ်းနယ်နိမိတ်များလည်း ပါဝင်သည်။

(ဆ) **တံတား** ဆိုသည်မှာ တိုင်းဒေသကြီးက စီမံခန့်ခွဲခွင့်ရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ တံတားများကိုဆိုသည်။ ယင်းစကားရပ်တွင် တံတား၏ တစ်ဖက်တစ်ချက်စီရှိ တံတားနယ်နိမိတ်များလည်း ပါဝင်သည်။

(ဈ) **အဆောက်အအုံ** ဆိုသည်မှာ ဆောက်လုပ်ရေးပစ္စည်းတစ်ခုခုဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ဆောက်လုပ်သည့် ခြံစည်းရိုး၊ အိမ်၊ တိုက်၊ တဲ၊ တစ်ဖက်ယပ်နှင့် ယင်းတို့၏ အစိတ်အပိုင်းကို ဆိုသည်။

(ဈ) **ယာဉ်** ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန်ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ည) **တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်၊ ဝက်နှင့် အိမ်မွေး တိရစ္ဆာန်တို့ကို ဆိုသည်။

(ဋ) **လှည်း** ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **ဘီးကွပ်** ဆိုသည်မှာ ဘီးတွင် တပ်ဆင်အသုံးပြုသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာ တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **အသုံးပြုသူ** ဆိုသည်မှာ လမ်းနှင့် တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြား နည်းလမ်းဖြင့် အသုံးပြုသူကို ဆိုသည်။

(ဎ) **အသုံးပြုခြင်း** ဆိုသည်မှာ လမ်းနှင့် တံတားကိုတစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်။

(ဏ) **အသုံးပြုခ** ဆိုသည်မှာ လမ်းနှင့် တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရန် နည်းဥပဒေအရ သတ်မှတ်ထားသော အခကြေးငွေကို ဆိုသည်။

(တ) **ကြီးကြပ်သူ** ဆိုသည်မှာ အသုံးပြုခကောက်ခံရေးကြီးကြပ်ရန် လုပ်ပိုင်ခွင့် ရရှိသော အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို ဆိုသည်။

(ထ) **ကောက်ခံသူ** ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လမ်း၊ တံတားများ ဖောက်လုပ်ခြင်းဖြင့် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် စီးပွားရေး၊ လူမှုရေး ဘက်စုံ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက် မြန်ဆန်စေရေးတို့ကို အထောက်အကူ ဖြစ်စေရန်၊

(ဂ) လမ်း၊ တံတားအသစ်များ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်း၊ တံတားများတိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(င) လမ်း၊တံတားများပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း(၃)

## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်း၊ တံတားများ ဖောက်လုပ်ရေးအတွက် နှစ်တို၊နှစ်ရှည်စီမံကိန်းများနှင့် အထူး အဖွဲ့စီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်မည့် လမ်း၊ တံတားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်း၊ တံတားများ၏ နယ်နိမိတ်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) ပြည်ထောင်စုလမ်းများ ဖောက်လုပ်ရန်၊ တိုးချဲ့ရန် လမ်းအထူးအဖွဲ့များ၊ အထူး စီမံကိန်းကြီးများကို ကုမ္ပဏီများက ဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းရန်ကြီးကြပ်ခြင်း၊

(ဇ) လမ်း၊ တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခ သတ်မှတ်ကောက်ခံခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ခြင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုခြင်း၊

(ဈ) လမ်း၊ တံတားများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်း ယူခြင်းနှင့် အဆောက်အအုံ ဖယ်ရှားခြင်းများကို သက်ဆိုင်သူများနှင့် ညှိနှိုင်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများ ဖလှယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဋ) လမ်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများကို နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည် –

(က) အသုံးပြုခကောက်ခံရမည့်လမ်း၊ တံတားများကို သတ်မှတ်ခြင်း၊

(ခ) အသုံးပြုခ ကောက်ခံရန် နှုန်းထားနှင့် ဒဏ်ငွေကို သတ်မှတ်ခြင်း၊

(ဂ) အသုံးပြုခ ကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်ခြင်း၊

(ဃ) အသုံးပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း။

## အခန်း(၄)

## တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) လမ်း၊ တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည် စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) လမ်း၊ တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(င) လမ်း၊ တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များစိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသော သစ်ပင်များနှင့် ချုံများကို ရှင်းလင်းခြင်း၊

(စ) လမ်းများ၏ လမ်းပုခုံးသားအကျယ် သတ်မှတ်ခြင်း၊

(ဆ) လမ်းများတိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း၊ လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဇ) လမ်း၊ တံတားများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်နှင့် ဘီး အမျိုးအစား၊ ယာဉ်နှင့် ဝန်တင်အလေးချိန်၊ ယာဉ်နှင့် လှည်းတွင် အသုံးပြုသည့် ဘီးကွပ်တို့ကို သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဈ) လမ်း၊ တံတားများပေါ်တွင် လှည်းနှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ/မရှိစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) လမ်း၊ တံတားများပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ/ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) လမ်း၊ တံတားများကိုဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်း၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းများအတွက် ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ စိစစ်ခွင့်ပြုခြင်း၊

(ဌ) အသုံးပြုခကောက်ခံသည့် လမ်းနှင့် တံတားဂိတ်များတွင် မရိုးမဖြောင့်သော သဘောဖြင့် ရှောင်ကွင်းမောင်းနှင်သည့် ယာဉ်များ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဍ) ပုဒ်မ ၄ (ဇ) အရ ခွင့်ပြုထားသော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်အား စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း။

## အခန်း(၅)

## ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များ

၇။ ပုဒ်မ ၄ (ဇ) အရ ခွင့်ပြုထားသော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည်။

၈။ ကြီးကြပ်သူသည် –

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်း မပြုရန် ကြီးကြပ်ရမည်။

၉။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

၁၀။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကဖြစ်စေ၊ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်က ဖြစ်စေ၊၎င်းတို့၏ ပေါ့ဆမှု၊ ချို့ယွင်းမှု၊ ပျက်ကွက်မှုတို့အရ လမ်းအသုံးပြုသူတွင် ထိခိုက်နစ်နာ ပျက်ဆီးဆုံးရှုံးမှုပေါ်ပေါက်ခဲ့ပါက တရားစွဲဆိုခြင်းခံရမည်။

## အခန်း(၆)

## တားမြစ်ချက်များ

၁၁။ အသုံးပြုခကိုကောက်ခံခွင့်ရရှိသူမှအပ မည်သူမျှ ကောက်ခံခြင်း မပြုရ။

၁၂။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်း မပြုရ။

၁၃။ အသုံးပြုခကောက်ခံသည့် လမ်း၊ တံတားဂိတ်များတွင် မရိုးမဖြောင့်သောသဘောဖြင့် လမ်း၊ တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်ခြင်း၊ တန်ပိုတင်ဆောင်ယာဉ်နှင့် ကုန်ကဲ့ယာဉ်များ အသုံးပြု၍ စည်းကမ်းဖောက်ဖျက်ခြင်း မပြုရ။

၁၄။ ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူသည် သတ်မှတ်သည့် အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရန် ပျက်ကွက်ခြင်း မပြုရ။

၁၅။ မည်သူမျှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို ဆောင်ရွက်ခြင်း မပြုရ-

(က) လမ်း၊ တံတားများ၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း၊

(ခ) လမ်းမကြီး၏ လမ်းနယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း။

၁၆။ မည်သူမျှ အောက်ပါတို့ကို ဆောင်ရွက်ခြင်း မပြုရ -

(က) ဥပဒေနှင့်အညီ လမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) လမ်း၊ တံတားများပေါ်တွင် မောင်းနှင်သွားလာခြင်း မပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) လမ်း၊ တံတားများ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(င) လမ်း၊တံတားများ၏ နယ်နိမိတ်အတွင်း လမ်းနှင့် တံတား၏ မြေပြင်အနေအထားကို ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(စ) လမ်း၊ တံတားများနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊

(ဆ) လမ်း၊ တံတားများနယ်နိမိတ်အတွင်း စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ဆောက်လုပ် တည်ခင်း ရောင်းချခြင်း၊

(ဇ) တံတားများ၏ မြစ်ချောင်းအထက်နှင့် အောက်ဖက်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ အကွာအဝေး သတ်မှတ်ချက်အတွင်း တံတားကို ထိခိုက်စေမည့် စိုက်ပျိုးခြင်း၊ မြစ်ကြောင်းကို ပြောင်းလဲစေခြင်း၊ ရေထိန်းရေလွှဲတမံများ တည်ဆောက်ခြင်း၊

(ဈ) လမ်းမကြီး တာဘောင်တစ်လျှောက် ရေမြောင်းကို တားဆီးပိတ်ဆို့၍ ရေလှောင်ခြင်း။

၁၇။ မည်သူမျှ အောက်ပါတို့ကို ပြုလုပ်ခြင်း မပြုရ -

(က) လမ်း၊ တံတားများ၊ ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) လမ်း၊ တံတားများတွင် လှည်းနှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) လမ်း၊ တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်၊ ဘေးအန္တရာယ် ဖြစ်စေမည့် ပစ္စည်းကို ထားရှိခြင်း၊

(ဃ) လမ်း၊ တံတားများပေါ်တွင်လည်းကောင်း၊ လမ်းပုခုံးပေါ်တွင်လည်းကောင်း ဈေးရောင်းချခြင်းနှင့် ယာဉ်ကို လိုအပ်သည်ထက်ပို၍ အချိန်ကြာမြင့်စွာ ရပ်နား ထားခြင်း၊ ပြုပြင်ခြင်း၊

(င) လမ်းမကြီးရှိ မိုင်တိုင်၊ လမ်းနယ်နိမိတ် မှတ်တိုင်၊ လမ်းညွှန်အမှတ်အသား၊ တံတား လက်ရမ်းများနှင့် သတိပေးဆိုင်းဘုတ်များကို ဖျက်ဆီးခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊

(စ) လမ်းများ၏ နယ်နိမိတ်အတွင်း သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ မြေ၊ အုတ်၊ သဲ၊ ကျောက်၊ ကျောက်စရစ် သို့မဟုတ် အခြားပစ္စည်း တစ်ခုခုကို စုပုံထားရှိခြင်း၊ မြေကိုတူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် မြေအနေအထား ပြောင်းလဲစေခြင်း၊

(ဆ) လမ်းများပေါ်တွင် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း၊ ထိန်းကျောင်းခြင်းနှင့် လွှတ်ကျောင်းခြင်း၊

(ဇ) လမ်းများ၏ နယ်နိမိတ်အတွင်း တိရစ္ဆာန်မွေးမြူခြင်း၊

(ဈ) လမ်းများ၏ လမ်းမျက်နှာပြင်ကို ထိခိုက်ပျက်စီးစေနိုင်မည့် ယာဉ်များ မောင်းနှင်ခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အခြားပစ္စည်းများသယ်ယူခြင်း၊ ဆွဲယူခြင်းနှင့် ပြုလုပ်ခြင်း၊

(ည) လမ်းများ၏ လမ်းမျက်နှာပြင်နှင့် လမ်းပုခုံးကို ဖျက်ဆီးခြင်း၊ ဖြိုဖျက်ခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် အရှိန်သတ်ခုံငယ်များ ပြုလုပ်ခြင်း၊

(ဋ) လမ်းမျက်နှာပြင်၊ လမ်းပုခုံးနှင့် တံတားလက်ရမ်းများတွင် ယာဉ်သွားလာမှုကို အနှောင့် အယှက်ဖြစ်စေမည့် ပစ္စည်းတစ်စုံတစ်ရာကို နေလှန်းခြင်း၊ ထားရှိခြင်း။

## အခန်း(၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၈။ မည်သူမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆)လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၃)လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၁)လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၁)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆)လအထိ ထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၃)လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၈)

## အထွေထွေ

၂၅။ အခန်း (၇) ပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၆။ ပုဒ်မ ၄ (ဓ) အရ ခွင့်ပြုထားသော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းမပြုပါက အစိုးရအဖွဲ့သည် နည်းဥပဒေနှင့် အညီ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူဆောင်ရွက်ရမည်။

၂၇။ မည်သူမဆို မိမိပြုလုပ်မှုကြောင့် လမ်း၊ တံတားများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို နည်းဥပဒေ နှင့်အညီ ဝန်ကြီးဌာနသို့ ပေးလျော်ရမည်။

၂၈။ တစ်ဦးတစ်ယောက်ကြောင့် လမ်း၊ တံတားများ ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို သက်ဆိုင်သူက ပေးဆောင်ခြင်းမပြုလျှင် ဝန်ကြီးဌာနသည် မြေခွန်မပြေ ကျန်ငွေကဲ့သို့ တောင်းခံ ရမည်။

၂၉။ အစိုးရအဖွဲ့လက်အောက်ရှိ အခြားဝန်ကြီးဌာန အဖွဲ့အစည်းများ၊ အဖွဲ့အစည်းနှင့် အခြား လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်အရ လမ်းကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊ ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက် ရမည်။

၃၀။ အသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများကို အများပြည်သူသိရှိနိုင်စေရန် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ အသိပေးကြေညာရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် –

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန် နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**